# ဥယျာဉ်မှူးလေး ပုံပုံ

သီရိ

ကာတွန်းသရုပ်ဖော် - ATH

Third Story Project
in cooperation with
myanmar Story Tellers
facebook.com/thirdstorychildrenbooks



# ဥယျာဉ်မှူးလေး ပုံ့ပုံ့




သီရိ

ကာတွန်း သရုပ်ဖော် – ATH


တတိယအမြင် ပုံပြင်များ စာစဉ်

Third Story Project


မြန်မာပုံပြောသူများအဖွဲ့နှင့် စေတနာရှင်လူငယ်များ (ရန်ကုန်) တို့မှ ပူးပေါင်းထုတ်ဝေသည်။

ထုတ်ဝေသူ - ဒေါ်အိပွင့်ရှိဖ် (၀၁၇၉၃)
သဒ်စတိုရီပရောဂျက်စာပေတိုက်
အမှတ် (၁၇၃)၊ ပထမထပ်၊ ၃၈ လမ်း (လယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ပုံနှိပ် - ရွှေပုံနှိပ်တိုက် (မြ-၀၀၆၃၂၆)
အမှတ် (၁၅၃/၁၅၅)၊ သစ်တောဝင်း (အောက်လမ်း)
မောင်လေးဝင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်။

တစ်ခါတုန်းက ခြင်္သေ့ဘုရင်ကြီး ပိုင်ဆိုင်တဲ့
ဥယျာဉ်ကြီးထဲမှာ အလုပ်လုပ်နေကြတဲ့
မျောက်လေးတွေ ရှိကြတယ်။ အဲဒီဥယျာဉ်ကိုအုပ်ချုပ်တဲ့
ဥယျာဉ်မှူးကြီးနာမည်ကတော့ ဦးမျောက်နီတဲ့။



အဲ့ဒီမှာအလုပ် လုပ်နေကြတဲ့ မျောက်လေးတွေထဲကမှ ပုံ့ပုံ့ဆိုတဲ့ မျောက်မလေးတစ်ကောင်က အရမ်းအလုပ်ကြိုးစားသတဲ့။ အားလပ်ချိန်တွေမှာလည်း မနားဘဲ ဥယျာဉ်ထဲမှာ သန့်ရှင်းလှပနေအောင် အမှိုက်တွေသိမ်း၊ အပင်တွေကို ရေလောင်းပေါင်းသင်၊ သစ်ပင်ပန်းပင်နဲ့ ပတ်သက်တဲ့စာတွေလည်း ဖတ်ရင်းအချိန်တွေ ကုန်နေတာပေါ့။

ပုံ့ပုံ့လေးက သူ့ရဲ့အားလပ်ချိန်တွေမှာ အဲ့ဒီလိုတွေလုပ်နေပေမယ့် တခြားမျောက်လေးတွေကတော့ သူတို့ရဲ့အားလပ်ချိန်တွေမှာ ဆော့ကစားနေကြ၊ အိပ်နေကြတယ်တဲ့။



တစ်နေ့မှာဘုရင်ကြီးနဲ့ ဥယျာဉ်မှူးတို့ရောက်လာပြီး ဥယျာဉ်မှူးဦးမျောက်နီက “ငါကအသက်ကြီးပြီ။ ဒီအလုပ်တွေကို မလုပ်နိုင်တော့ဘူး။ ဒီတော့ ငါ့နေရာကိုလွှဲခဲ့ဖို့ ဘုရင်ကြီးနဲ့ ငါတိုင်ပင်ထားတာရှိတယ်” ဆိုပြီး မျောက်ကလေးတွေကိုပြောသတဲ့။

မျောက်ကလေးတွေကတော့ ကိုယ့်ကိုများ ရွေးချယ်ထားလေမလား ဆိုပြီး စိတ်လှုပ်ရှားနေကြသတဲ့။





“ရွေးချယ်ထားတဲ့ သူကတော့
မျောက်မလေးပုံ့ပုံ့ပဲဖြစ်ပါတယ်”ဆိုတဲ့
ဥယျာဉ်မှူးကြီးရဲ့ စကားအဆုံးမှာ
မျောက်လေးတွေအားလုံးက ငြိမ်ကျသွားတော့တယ်။
ပြီးတော့ လက်မခံနိုင်တဲ့အကြောင်း ဥယျာဉ်မှူးကြီးကို
ဝိုင်းပြောကြတော့တယ်တဲ့။

ပုံ့ပုံ့ဟာမျောက်မလေး ဖြစ်နေတာကြောင့်
ဥယျာဉ်မှူးရာထူးနဲ့ မထိုက်တန်ဘူးလို့
သူတို့က ပြောကြသတဲ့ကွယ်။
ဒါနဲ့ ဥယျာဉ်မှူးကြီးက
“ကဲ...ဒါဆိုပုံ့ပုံ့ မဟုတ်ရင် ဘယ်သူ့ကို
ဖြစ်စေချင်ကြသလဲ”လို့ မေးလိုက်တော့...

မျောက်ကလေးတွေက သူတို့အချင်းချင်း
နာရီဝက်လောက် တိုင်ပင်ပြီးတဲ့နောက်မှ
သူတို့ထဲမှာ အသန်မာဆုံးဖြစ်တဲ့ ပိစိဆိုတဲ့
မျောက်လေးတစ်ကောင်ကို ရွေးထုတ်လိုက်ကြသတဲ့။



အဲ့ဒီမှာဥယျာဉ်မှူးကြီးက “အဲ့ဒါဆို ပြိုင်ပွဲတစ်ခုလုပ်မယ်။ ဒီနေရာနဲ့ နှစ်မိုင်လောက်ဝေးတဲ့နေရာမှာ ပန်းခြံပျက်ကြီး နှစ်ခုရှိတယ်။

အဲ့ဒီ ပန်းခြံပျက်ကြီးကို နှစ်လအတွင်း ပြန်ပြီးစိမ်းစိမ်းစိုစိုနဲ့ လှပအောင်လုပ်နိုင်တဲ့သူကိုလွှဲပေးမယ်” လို့ ပြောသတဲ့။ ဥယျာဉ်မှူးကြီးရဲ့ ဆုံးဖြတ်ချက်အတိုင်း ပုံ့ပုံ့နဲ့ ပိစိဟာ ပန်းခြံတွေဆီကို ထွက်သွားကြတယ်။ နှစ်လအတွင်း သူတို့ဆီကို တခြားဘယ်သူမှ မသွားရဘူး၊ အဆက်အသွယ်လည်း မလုပ်ရဘူးတဲ့။



နှစ်လပြည့်လို့ ဘုရင်ကြီးရယ်၊ ဥယျာဉ်မှူးကြီးရယ်၊ တခြားမျောက်တွေလည်း လာကြည့်ကြရော ပန်းခြံနှစ်ခုစလုံးက စိမ်းလန်းလှပနေသတဲ့။ ပန်းတွေဝေဝေဆာဆာ၊ အပင်တွေ စိမ်းစိမ်းစိုစိုနဲ့ လှပနေတာပေါ့။

ဘုရင်ကြီးနဲ့ ဥယျာဉ်မှူးကြီးက ပန်းခြံကို လှပအောင်လုပ်နိုင်သူကို ဥယျာဉ်မှူးရာထူးပေးမယ်ဆိုပြီး ပြောထားပေမယ့် ခုတော့ နှစ်ခုလုံးစိမ်းစိုလှပနေတော့ ဆုံးဖြတ်ရခက်နေတာပေါ့။



အဲ့ဒီအချိန်မှာပဲ ပိစိက “ကျွန်တော် ဥယျာဉ်မှူးမလုပ်တော့ဘူး။
ပုံ့ပုံ့ကိုပဲ လုပ်ခိုင်းလိုက်ပါ။ သူက ဒီရာထူးနဲ့ ပိုပြီး
ထိုက်တန်ပါတယ်”လို့ ပြောသတဲ့။ အကုန်လုံးကလည်း
ပိစိကို ဘာဖြစ်လို့လဲဆိုပြီးတော့လည်း ဝိုင်းမေးကြတယ်တဲ့။





“ကျွန်တော် ဒီရောက်ရောက်ချင်းတုန်းကတော့
ကြိုးစားပမ်းစားနဲ့ ပန်းခြံလေးကိုပြင်တယ်၊
တစ်နေ့တော့ ပုံ့ပုံ့ရော ဘယ်လိုများ
နေမလဲလို့ သွားကြည့်မိတယ်။
သူ့ပန်းခြံလေးက
တစ်လလောက်အတွင်းမှာ၊
စမ်းချောင်းလေးတွေ၊ အပင်လေးတွေ၊
ပန်းပင်တွေနဲ့ သိပ်ကိုလှနေတာ။

ကျွန်တော်လည်းစိတ်ဓာတ်ကျသွားပြီး
ဘာမှမလုပ်နိုင်တော့ဘူး အမှိုက်လည်းမသိမ်းနိုင်၊
ရေလည်းမလောင်းနိုင် ဖြစ်သွားတယ်။
အဲ့ဒါကို ပုံ့ပုံ့က ရောက်လာပြီး
သူ့ပန်းခြံအတိုင်း ဖြစ်အောင်ကူညီခဲ့တာ”လို့
ပိစိက ပြောလိုက်ရော အကုန်လုံးက ပုံ့ပုံ့လေးကို
ဝိုင်းပြီး ချီးကျူးကြသတဲ့။

နောက်ဆုံးတော့လည်း မျောက်တွေ အကုန်လုံးက
ပုံ့ပုံ့ဟာ မျောက်မလေးဖြစ်ပေမယ့်
ဥယျာဉ်မှူးဖြစ်သင့်တယ်လို့
အသိအမှတ်ပြု လက်ခံလိုက်ကြသတဲ့ကွယ်။



# ကလေးတို့ ဖြေဆိုရန် မေးခွန်းများ

ဘုရင်ကြီးနဲ့ ဥယျာဉ်မှူးတို့ဟာ
ပုံ့ပုံ့ကို ဘာဖြစ်လို့ ဥယျာဉ်မှူးအဖြစ် ရွေးကြတာလဲ။



မျောက်ကလေးပိစိဟာ ပုံ့ပုံ့ကို ဘာဖြစ်လို့
ဥယျာဉ်မှူးဖြစ်စေချင်တာလဲ။



တခြားမျောက်တွေဟာ ပုံ့ပုံ့ကိုဘာလို့
ဥယျာဉ်မှူး မဖြစ်စေချင်ကြတာလဲ။



ကလေးတို့ရော သူငယ်ချင်းကို အခက်အခဲဖြစ်နေချိန်မှာ
ပြိုင်ဘက်ပဲလို့ သဘောထားပြီး
မကူညီဘဲနေမလား၊ ပုံ့ပုံ့လိုကူညီမလား။

